# စင်ကာပူရီယန်ဖြစ်သွားသော မြန်မာများနှင့် စကားပြောခြင်း

ဆယ်စုနှစ်တစ်ခုကျော်ကျော်ကာလအတွင်း မြန်မာများစွာတို့ စင်ကာပူတွင် Shore Job ဖြင့် အလုပ်လုပ်အခြေချ ကြရင်း ပီအာတွေဖြစ်၊ တစတစ နိုင်ငံသား ခံယူသွားကြသူ ဦးရေ တိုးပွားလျက်ရှိနေပါသည်။ မိမိဘဝပုံစံကို မိမိစိတ်ကြိုက် ဖန်တီးကြသည်မို့ မှန်သည်မှားသည် ဝေဖန်၍မရပါပေ။ သို့ရာတွင် ဘာသာရေးစာပေယဉ်ကျေးမှု အနုပညာထုံးတမ်း ဓလေ့တို့တွင် တန်ဖိုးမဖြတ်နိုင်အောင် နှစ်ပေါင်းရှည်ကြာ ကြွယ်ဝချမ်းသာလှ သော အမိမြန်မာနိုင်ငံကြီး၏ နိုင်ငံသား အဖြစ်ကို စွန့်လွှတ်ကာ မနေ့တနေ့ကမှတိုးတက်လာသော အာရှနိုင်ငံငယ်လေး၏အရိပ်ကိုခိုလှုံသွားကြသည်မှာတော့ စဉ်းစားစရာ ကောင်းလှပါသည်။ ထို့ကြောင့် စင်ကာပူနေ မြန်မာလူမျိုး စင်ကာပူ နိုင်ငံသား (၅)ဦးကို ‘ရွှေမြန်မာ’က လျှပ်တပြက် မေးမြန်းဖြစ်ခဲ့ပါသည်။

**ဦးစန်းဝင်း** (ဆောက်လုပ်ရေးအင်ဂျင်နီယာ) သည် ၁၉၉၄ခု တွင်စင်ကာပူသို့ရောက်ရှိပြီး ၂၀၀၁ ခုတွင် အမြဲတမ်း နေထိုင်သူ ဖြစ်ကာ (၄)နှစ်အကြာ ၂၀၀၅ ခုတွင် နိုင်ငံသား ခံယူလိုက်သူဖြစ်ပါသည်။

ကိုစန်းဝင်း နိုင်ငံသားခံယူလိုက်တဲ့ အဓိကရည်ရွယ်ချက်က ဘာကြောင့်ပါလဲ။

အဓိကကတော့သားရဲ့ရှေ့ရေး ပညာရေးအတွက်ပါပဲ။



ပီအာတယောက်အနေနဲ့ထက် ဘာများကွာခြားမှုရှိလို့ပါလဲ။

ကွာပါတယ်။ ကျွန်တော်တို့အဖို့က ပီအာရဲ့သက်တမ်းက (၅)နှစ်၊ ကိုယ်ကအလုပ်ရှိနေရင်တော့ ဆက်တိုးသွားလို့ ရတယ်ပေါ့။ အလုပ်ကမရှိရင် ပီအာသက်တမ်း ဆက်တိုးလို့ မရတော့ ဘူးလေ။ ကိုယ့်အသက်နဲ့ အလုပ်ဆိုတာက ပြောလို့မရဘူး။နောက်တခုက နိုင်ငံသားဖြစ်သွားပြီဆိုတော့ ကျွန်တော်တို့ စုထားတဲ့ CPF ထဲက Edusave တို့ဘာတို့ကို သားပညာ ရေးအတွက်လည်း သုံးလို့ရသွားတယ်။ နောက်တခု ကတော့ သံရုံးကို တလ(၁၅၀)စီ လင်မယားနှစ်ယောက် ပေးပေး နေရတဲ့ ငွေတွေကိုလည်း လစဉ်စုမိသွားနိုင် ချင်တယ်ပေါ့။ ဒါလည်းပါပါတယ်။

လျှောက်ထားတုန်းက ဘာတွေလိုအပ်လဲ။

ပီအာသက်အတမ်း(၂)နှစ်ရှိရမယ်။ လက်ရှိအလုပ်ရှိရမယ်။ ကုမ္ပဏီကထောက်ခံရမယ်။ တခြားလိုအပ်တဲ့ဘွဲ့တို့ဘာတို့ စာရွက်စာတမ်းတွေတင်ပြရတယ်။ သိပ်များများစား စား တော့မရှိပါဘူး။ သူတို့လျှောက်လွှာကိုစိစစ်ချိန် (၅)လ ကျော်ကျော်ကြာပါတယ်။

ဇနီးတွေသားသမီးတွေအတွက်ပါ တခါတည်း တင်ရလား။

ဒါကတော့ ကိုယ်ကြိုက်သလိုတင်ပေါ့။ ခွဲတင်လည်းရတယ်။ ကျွန်တော်ကတော့ တခါတည်းအတူတူတင်လိုက်ပါတယ်။

စင်ကာပူအစိုးရဘက်က ခွင့်ပြုပြီးတဲ့နောက်မြန်မာသံရုံးမှာ ဘာတွေလုပ်ဖို့လိုအပ်သလဲ။

မြန်မာနိုင်ငံသားစွန့်လွှတ်ကြောင်း ထောက်ခံစာ တောင်းရ တယ်ခင်ဗျ။ အဲဒါရပြီးမှ ဒီဘက်က SIngapore Passport ကိုထုတ်ပေးပါတယ်။ ဒီက Dual citizen ကိုခွင့်မပြုဘူးလေ။

ဒါအတွက် မြန်မာသံရုံးမှာ ဘာတွေပေးဆောင်ရပါလဲ။

up to date အခွန်ပေးရပါတယ်။ နှစ်ယောက်စာပေါ့။

အခုလို နိုင်ငံသားဖြစ်လာတဲ့အခါမှာ စင်ကာပူနိုင်ငံ အတွက် ဘာတွေလုပ်ပေးဖို့တာဝန်ရှိတယ်လို့ အစိုးရက မှာကြား သလဲ။ ကိုယ်တိုင်ရော ဘယ်လိုခံယူမိ ပါသလဲ။

ကျွန်တော်တို့ Immigration မှာ ဝန်ခံကတိပြုတာမျိုး လုပ်ရပါတယ်။ ဒီမှာ နိုင်ငံလေးကသေးတော့ ဘာ သယံ ဇာတမှလည်း မရှိတော့ သူတို့အနေနဲ့လည်း တော်တော် လေး Struggle လုပ်ရပါတယ်။ ဒီတော့ ကျွန်တော်တို့ အနေနဲ့လည်း အလုပ်တခုခုကိုလုပ်နေရင်း ကိုယ်ကျရာ ကဏ္ဍကနေလုပ်ပေးရင်း နိုင်ငံတိုးတက်မှုအတွက်လည်း တာဝန်ကျေ ကိုယ့်ဘဝအတွက်လည်း အဆင်ပြေရပါတယ်။

တနေ့ မြန်မာနိုင်ငံသား ပြန်ဖြစ်ချင်ရင် . . ။

အဲဒီအထိတော့ ကျွန်တော်တို့ တွေးမထားသေးဘူးခင်ဗျ။

**ဒေါ်အေးအေးမင်း**သည်လည်း ဆောက်လုပ်ရေး အင်ဂျင်နီယာ၊ (၁၃)နှစ်သားတဦး၏မိခင်။ ခင်ပွန်း သည်ရှိ နှင့်သော စင်ကာပူသို့ သားနှင့်အတူ(၁၉၉၆) တွင် လိုက်လာပြီး (၉)နှစ်ခန့်အကြာတွင် စီတီဇင်ခံယူခဲ့ဖြစ်သည်။

တချိန်တုန်းက ပီအာရဖို့နည်းနည်းခက်ခဲ့တော့ မြန်မာအတော်များများ ဒီကကျောင်းတွေမှာ ဘွဲ့လွန်တက်တာမျိုးတွေရှိခဲ့တယ်။ ဒေါ်အေးအေးမင်းရော ဒီလိုသဘောပဲလား။

ဟုတ်ပါတယ်ရှင်။ National University of Singapore (NUS) မှာ PostGrad (Master) တက်ခဲ့ရပါတယ်။ အဲဒီလိုမတက်ခင် ပီအာတင်တုန်းက Reject ဖြစ်ခဲ့တယ်လေ။

ဒီလိုဘွဲ့လွန်တက်ခဲ့တာ ပီအာရချင်တဲ့ ရည်ရွယ်ချက်တခုတည်းလား။တခြားဘာများရှိပါလဲ။

နိုင်ငံခြားတိုင်းပြည်တခုခုမှာအလုပ်လုပ်တဲ့အခါမှာ သူ့နိုင်ငံက recognize ဖြစ်တဲ့ ဘွဲ့တခုခုရှိထားရင် အလုပ်လုပ်ရတာ ပိုပြီးကျယ်ကျယ်ပြန့်ပြန့်ရှိမယ် နားလည်မယ် ပြောနိုင်ဆိုနိုင်မယ်လို့လည်း ယုံကြည်လို့ပါ။ ကျောင်းတက်ချိန်က စုစုပေါင်း (၂)နှစ်ကြာခဲ့ပါတယ်။

ဇနီး-မိခင်တယောက်အနေနဲ့ ကျောင်းက တဘက်နဲ့ဆိုတော့ အတော် ရုန်းကန်ခဲ့ရမယ်ထင်တယ်။

အဲဒီကာလတွေကတော့ ဘဝမှာ အပင်ပမ်းဆုံးအချိန်တွေလို့ ပြောလို့ရပါတယ်။

အဲဒီအနေအထားကနေ နိုင်ငံသားတော့ လျှောက် လိုက်ဦးမှပဲ ဆိုပြီး ဘယ်လို အတွေးစရခဲ့ပါလဲ။

အဓိကကတော့ သားပါပဲ။ သူက ဒီမှာပဲ တစ်ကနေစခဲ့ရတော့ ဒီက ပညာရေး စနစ်နဲ့ပဲ အံဝင်ဂွင်ကျဖြစ်နေတယ်လေ။ သူကိုယ်တိုင်ကလည်း ဒီမှာနေရတာပဲပျော်တယ်။ မြန်မာပြည်ပြန်နေချင်စိတ်လည်းလုံးဝမရှိတော့ဘူး။ သူက ဒီမှာပဲ နေတော့မှာဆိုတော့ ကျွန်မတို့အနေနဲ့လည်း တစ်ဦးတည်းသောသားနဲ့ အတူတူပဲ ကူညီပံ့ပိုးစောင့်ရှောက်တသက်လုံးနေ ချင်တယ်လေ။ နေလည်းနေရတော့မယ်လေ။ ဒါနဲ့ Citizen လျှောက်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။

သားက ဒီနိုင်ငံမှာ (၂)နှစ် စစ်မှုထမ်းရ တော့မယ်ဆိုတာကိုရော ဘယ်လိုသဘောထားပါလဲ။

ဒါကိုလည်း တွက်ပြီးသားပါ။ မိဘကလည်း လုပ်သင့်တာလုပ်။ သူလုပ်ရမဲ့အပိုင်းကို လုပ်သင့် ပါတယ်။ လုပ်ရမှာပါ။

တချို့က ဒီမှာ အိမ်ဝယ်တဲ့အခါမှာ နိုင်ငံသားအနေနဲ့ဆိုသက်သာလို့ဆိုတဲ့ရည်ရွယ်ချက်ပါတယ်။ အမတို့ကရော။

ကျွန်မတို့အနေ့ကတော့ ပီအာဘဝတုန်းကဝယ်ခဲ့တာ ဆိုတော့ လောလောဆယ်တော့ မထူးပါဘူး။ ထူးတာက တော့ သံရုံးမှာ ကျွန်မတို့နှစ်ယောက်ပေါင်းတလကို သုံးရာ သုံးရာ ပေးနေရတဲ့ weight ကမနည်းတာမို့ မပေးနိုင်တော့ ပါဘူး။ ပေးခဲ့တာလည်း မနည်းတော့ဘူး။ ဝန်ထမ်းဘဝနဲ့ လည်း နိုင်ငံအတွင် အများကြီးလုပ်ပေးခဲ့ပြီးပါပြီ။ ဆက်လည်း မပေးချင်တော့ဘူး။ဒါကို မပေးရတော့တဲ့အခါမှာ ကိုယ့် အတွက် အိုစာမင်းစာ လျှုဖို့တန်းဖို့ အများကြီး စုနိုင်မယ်လို့ ထင်ပါတယ်။ ခုလို Citizen ဖြစ်သွားတော့ ကိုယ်အသက် ကြီးလာလို့ အလုပ်မလုပ်နိုင်တော့လည်း ဒီမှာ stable ဖြစ် ဖြစ်နဲ့ သားနဲ့ အေးအေးချမ်းချမ်းနေနိုင်မယ်လို့ ထင်ပါတယ်။

မြန်မာနိုင်ငံသား မဟုတ်တော့တဲ့အခါမှာ မြန်မာနိုင်ငံအတွက် ကိုယ့်ကိုယ်ကို တာဝန်ကျေတယ်မကျေဘူး မျိုးချစ်စိတ် စသဖြင့် ကြီးကြီးကျယ်ကျယ်ပြောရရင်ဘယ်လို ဖြေချင်ပါလဲ။

ကျွန်မတို့ စင်ကာပူနိုင်ငံသားဖြစ်သွားပေမဲ့ ကိုယ့်မြန်မာနိုင်ငံရဲ့ အခြေအနေအဝဝ တိုးတက်ရာတိုးတက် ကြောင်းအားလုံးကို ရင်ထဲမှာ still concerned ဖြစ်နေပါတယ်။ မြန်မာပြည်နဲ့ပတ်သက်လို့ကျွန်မတို့တတ်နိုင်တာများရှိရင် တခုခု လုပ်ပေးရမယ်ဆိုလုပ်ပေးဖို့ ဝန်မလေးပါဘူး။ မြန်မာနိုင်ငံထဲမှာနေ၊ မြန်မာနိုင်ငံသားစစ်စစ်ကြီးတွေလို့ အသံကောင်းဟစ်ပြီး ကိုယ်ကျိုးစီးပွားပဲရှာနေသူတွေလည်း အများကြီးရှိတယ်လေ။

သားကိုရော သူဟာ မြန်မာသွေး မြန်မာလူမျိုးအစစ်လေးဆိုတာ မေ့မသွားအောင် ဘယ်လိုလုပ်ပေးပါလဲ။

အခါအခွင့်သင့်တိုင်း ငါတို့မြန်မာလူမျိုးဟာ ဘယ်လို လူမျိုးကြီးဖြစ်တယ်။ ယဉ်ကျေးတယ်။ တချိန်က အာရှမှာ ဘယ်လို တိုးတက်အောင်မြင်ခဲ့တယ် ဆိုတာတွေကို ပြောပြ ပါတယ်။ အရေးအကြီးဆုံးကတော့ ကျွန်မတို့ဟာ ဗုဒ္ဓဘာသာ ဝင်တွေဖြစ်တဲ့အတွက် သားစိတ်ထဲမှာ ရတနာသုံးပါး၊ အနန္တောအနန္တငါးပါးကိုဦးထိပ်ထားဖို့ အမြဲသွန်သင်ဆုံးမပေး ပါတယ်။

စင်ကာပူရီယန်အနေနဲ့ မြန်မာနိုင်ငံကို ပြန်လည်ဖြစ်လား။

မပြန်ဖြစ်သေးပါဘူးရှင့်။

နိုင်ငံသားဖြစ်ပြီး အလုပ်ခွင်မှာ ထူးခြားပြောင်းလဲမှုရှိပါလား။

ရှိပါတယ်။ ဒီမှာက ဘာပြောပြော discrimination က အနည်းနဲ့ အများရှိတော့ Citizen ဖြစ်သွားတဲ့အခါ သူတို့ နည်းနည်း ရှိန်တာမျိုးတော့ ရှိလာပါတယ်။

အလုပ်ရှင်ဘက်ကလား။ လုပ်ဖော်ကိုင်ဘက်ချင်းလား။

နှစ်ဘက်လုံးပါပဲ။

ကောင်းပါပြီ။ အခုလိုဖြေပေးခဲ့တာကျေးဇူးတင်ပါတယ်။ ဒေါ်အေးအေးမင်းတို့နာမည်ကို မဂ္ဂဇင်းမှာ ဖော်ပြလို့ ရမလား။ မိသားစုဓါတ်ပုံရော ပေးနိုင်မလား။

ရပါတယ်ရှင်။ အားလုံးဖော်ပြနိုင်ပါတယ်။

နောက်တစ်ဦးကား သားသမီး(၂)ဦး၏ဖခင် ၊ စိုက်ပျိုးရေးဘွဲ့ရ **ဦးသောင်းထွဋ်** ဖြစ်သည်။ ၁၉၉၀ တွင် ရောက်ရှိခဲ့ပြီး ၂၀၀၅တွင် နိုင်ငံသားခံယူကာ လက်ရှိ အဆောက်အဦးမွမ်းမံပြင်ဆင်ရေး လုပ်ငန်းဆောင်ရွက် နေသူဖြစ်သည်။ ကိုသောင်းထွဋ် ရောက်ကာစက အီးပီအနေအထားနဲ့နေခဲ့ပြီး မိသားစုကိုခေါ်ခဲ့တာပေါ့။

ကျွန်တော်ဒီမှာနေရင်းမှအိမ်ထောင်ကျတာပါ။ မိသားစုက Dependant pass နဲ့နေခဲ့ပါတယ်။ သားကြီးကတော့ ရန်ကုန်မှာမွေးပြီး သမီးငယ်ကတော့ ဒီမှာပဲမွေးခဲ့ပါတယ်။

ပီအာကတော့ ၂၀၀၂ မှာကျပါတယ်။ ပီအာလျှောက်ခဲ့စဉ်က ကျွန်တော့်သားသမီးတွေဟာ ဒီမှာပဲမွေး ဒီမှာပဲ ကြီးလာပြီး သူတို့စိတ်ထဲမှာ ဒီနိုင်ငံကိုပဲသိနေပြီး သူတို့ကို stable ဖြစ်တဲ့ education ကိုပဲ လက်ဆောင်ပေးချင်တဲ့အတွက် ပီအာချ ပေးပါလို့ ကျွန်တော်ရေးလျှောက်ခဲ့ပါတယ်။

စီတီဇင်လျှောက်ဖြစ်ခဲ့တာကရော။

ဒါကတော့ ကျွန်တော့် personal decision ပါ။ ကျွန်တော့် ဇနီးနဲ့ပဲ တိုင်ပင်ဆုံးဖြတ်ခဲ့ပါတယ်။

နိုင်ငံသားယောက်အနေနဲ့ ဘာတွေခံစားခွင့် သိသိသာသာ ရခဲ့ပါလဲ။

ကျွန်တော်တို့ရတဲ့နှစ်မှာပဲ ရွေးကောက်ပွဲမတိုင်ခင်ကာလမှာပဲ သူတို့ special package အနေနဲ့ ကျွန်တော်က (၆၀၀) ဇနီးက (၈၀၀)ရခဲ့ပါတယ်။ နိုင်ငံရဲ့ စီးပွားရေး တိုးတက်မှု အသီးအပွင့်ကို နိုင်ငံသားတွေကို ဝေမျှပေးတဲ့သဘောပါပဲ။

စင်ကာပူရီယန်ဖြစ်သွားပြီးတဲ့အတွက် မြန်မာနိုင်ငံအတွက် ဘာတွေ လျော့သွားမလဲ ပိုလုပ်ပေးနိုင်လာမလဲ။

သံရုံးကို တနှစ် (၁၈၀၀)ပေးနေရတဲ့ အခွန်ငွေကြီးက အများကြီး ဆိုတော့ အခုဆို ကိုယ့်မြန်မာနိုင်ငံမှာ အများကြီး အကျိုးရှိရာ ရှိကြောင်း ပေးလှူနိုင်လာ ပါလိမ့်မယ်။

နိုင်ငံသားစွန့်လွှတ်ကြောင်းစာသွားယူတော့ သံရုံးမှာ Up to date အခွန်ဆောင်ခဲ့ရမှာပေါ့။

ဟုတ်ပါတယ်။

ခုနောက်ပိုင်း ဒါတင်မကပဲ တနှစ်စာအပို ကြိုပြီး အခွန်တွေ ဆောင်ရတယ်လို့ကြားတယ်။ ဟုတ်ပါလား။

ကျွန်တော်တို့တုန်းကတော့ မရှိပါဘူး။ ခုတော့ ပေးရတယ်လို့ကြားပါတယ်။

မြန်မာပြည်ပြန်တဲ့အခါ ဘာတွေ ပြောင်းလဲ ကြုံတွေ့ရပါလဲ။

ဒီက သံရုံးမှာ ဗီဇာသွားယူရတာပေါ့။ မြန်မာသံရုံးဝန်ထမ်းတွေကလည်း အဆင်ပြေအောင်လုပ်ပေးပါတယ်။

လုပ်ငန်းခွင်မှာ ဘာတွေပြောင်းလဲကြုံတွေ့ရလဲ။

ကျွန်တော့်အမြင်ကတော့ ဒီမှာ လုပ်ငန်းခွင်မှာ လူတဦးချင်းရဲ့ လုပ်ရည်ကိုင်ရည် capabilty ပေါ်မူတည်ပြီး ဆက်ဆံကြတာမို့ Singaporean ဖြစ်သွားလို့တော့ impact သိပ်ရှိတယ် မထင်မိဘူးခင်ဗျ။ Social impact အနေနဲ့ ကတော့ ပြောင်းလဲလာတာတွေ့ရပါတယ်။ ပိုပြီးလက်ခံလာကြပါတယ်။

ကျွန်တော်တို့စာအုပ်ကတဆင့် ကိုသောင်းထွဋ်အနေနဲ့ ဘယ်လို စကားမျိုးပြောချင်ပါလဲ။

ကျွန်တော်တို့အနေနဲ့ကတော့ ကိုယ့်ရဲ့ personal ဆုံးဖြတ်ချက်အရ ဒီလိုလုပ်ခဲ့တာ မှားလားမှန်လား ဆိုတာကိုလည်း နောင်နှစ်ပေါင်းများစွာကြာမှသိမှာဖြစ်တယ်။ တခြားလူတွေအနေနဲ့လည်း ကိုယ့်ရဲ့ ဘဝအနေအထားပေါ် မူတည်ပြီး ဆုံးဖြတ်ကြစေချင်ပါတယ်။

ဒီလို မြန်မာနိုင်ငံသားပညာတတ် လူငယ်လူကြီးတွေ စင်ကာပူနိုင်ငံသားဖြစ်သွားတဲ့အတွက် မြန်မာနိုင်ငံအနေနဲ့ အများကြီးနနစ်နာတယ်လို့ပြောရင် ဘယ်လို ဖြေမလဲ။

နိုင်ငံအတွက်ကတော့ နစ်နာတာပေါ့ဗျာ။ ဒါပေမဲ့လည်း ဘိုးဘွားတွေလက်ထက်ကတည်းက ကိုယ့်ရေမြေထက် ဖွံ့ဖြိုးတိုးတက်မယ်ထင်တဲ့နေရာကို adventure စွန့်စားသွားခဲ့ကြတာပဲ။ လူတိုင်းဟာ ကိုယ့်ဘဝ တိုးတက်ရာတိုးတက်ကြောင်းကိုလမ်းကိုရှာဖွေကြတာ ပြောင်းလဲအခြေချကြတာ သဘောတရားတခုပဲ ဆိုတော့ ဒါကိုလည်း ဘယ်လိုမှ ထိန်းချုပ် လို့ရမယ် မထင်ဘူးလေ။

**ဦးကြည်ယု** သည် ဘူမိဗေဒဘွဲ့ရ၊ အသက်(၄၀)။ သားသမီးနှစ်ဦး၏ဖခင်။ (၁၉၉၅)တွင်ရောက်ရှိ၊ အီးပီဖြင့် အလုပ်လုပ်ခဲ့ပြီး (၂၀၀၀)ခုတွင် ပီအာ၊ (၂၀၀၃)တွင် နိုင်ငံသားခံယူကာ လက်ရှိ မြေသားစမ်းသပ်ရေးဆိုင်ရာ ဖက်စပ်ကုမ္ပဏီတခုကို တည်ထောင် ဦးစီးနေသူဖြစ်သည်။

ကိုကြည်ယု ပထမအဆင့် ပီအာလျှောက်တုန်းက ဘယ်လို ရည်ရွယ်ချက်နဲ့လဲ။

ကိုယ့်အတွက် အလုပ်ရှာဖွေရလွယ်ဖို့ရယ်။ အဓိကကတော့ ကလေးတွေပညာရေးအတွက်ပါပဲ။ ပညာရေးအခြေ အနေ အကောင်းကြီးမဟုတ်တောင် တည်တည်ငြိမ်ငြိမ် စနစ်တကျ ရှိတဲ့နေရာမှာ သူတို့ကို ကျောင်းထားပေးချင်တဲ့ သဘောပါ။

ပီအာအနေအထားနဲ့ဘယ်လောက်ကြာတော့ စီတီဇင် လျှောက်ဖြစ်လဲ။

ပီအာ အနေနဲ့(၃)နှစ်အကြာမှာ ဒီက local တွေနဲ့တွဲပြီး ကုမ္ပဏီတခုထောင်ဖြစ်သွားချိန်မှာပဲ citizen လျှောက်ဖြစ်ခဲ့ပါတယ်။

နောက်တခုမေးချင်တာက စင်ကာပူရီယန်ပြောင်းသွားကြတဲ့ မြန်မာအများစုရဲ့အကြောင်းပြချက်တွေထဲမှာ မြန်မာသံရုံးကိုလစဉ် ပေးနေရတဲ့ အခွန် (၁၅၀)ကိုမပေးချင်တော့လို့ဆိုတာလည်း တချက်ပါတယ်ပေါ့။ ဒါနဲ့ပတ်သက်လို့ရော။

အခုတလောကြားနေရပါတယ်။ မြန်မာတွေ အစိုးနှစ်ဘက်ကို Double taxation ပေးနေရတဲ့အပေါ် တောင်းဆိုနေကြတာ။ ဒါမှန်ပါတယ်။ မတရားဘူး။ မတရားတဲ့ ကိစ္စကြီးတခုအတွက် သာမာန်လူတယောက်အနေနဲ့ လုံးဝမကြိုက်ပါဘူး။ မကျေနပ်ဘူး။ ဒါပေမဲ့ တလ(၁၅၀)ကို မပေးချင်လောက်တဲ့ သေးမွှားတဲ့ အချက်တချက်တည်းနဲ့တော့ ကိုယ့် မြန်မာနိုင်ငံသားကို မစွန့်လွှတ်ချင်လောက်ပါဘူး။ စောစောက ပြောသလို ကလေးတွေအတွက် ခိုင်ခံ့တဲ့ ပညာရေးပေးချင်တာရယ်။။



ကိုယ်တိုင်လည်း ဒီမှာပဲ ပထမဆုံးလုပ်ငန်းတခုကို စလုပ်ဖြစ်ခဲ့တယ်။ အတွေ့အကြုံ လည်းရှိနားလည်နေပြီဆိုတော့ ဆက်လုပ်ချင်တယ်။ ဒါတွေကအဓိကပါ။

စင်ကာပူအစိုးရက ပီအာတွေကိုနိုင်ငံသား လျှောက်လာအောင်သွယ်ဝိုက်သောနည်းနဲ့လုပ်နေတယ်လို့ပြောလို့ ရလား။

မှန်တယ်။ တိုက်ရိုက်ပါပဲ။ ပြီးခဲ့တဲ့နှစ်က ဝန်ကြီးချုပ်ပြောခဲ့တာ Strait Times WebPage မှာကြည့်လိုက်ရင် Singaporean တွေ Australian Citizen ဖြစ်ကုန်တာတွေကို စိတ်မကောင်းဘူး။ Singapore citizen တွေများလာတာပဲ ဖတ်ချင်တယ်ပေါ့။ ဒီတော့ လူဦးရေများအောင်က သူက တော့ foreign talent တွေကိုခေါ်မှာပဲ။ ဒီနည်းပဲရှိတာကိုး။(၁၀)နှစ်အတွင်း လူဦးရေ (၆. ၅)သန်းအထိ ဖြစ်လာဖို့ ရည်ရွယ်ကြောင်း ကြေငြာ ထားပါတယ်။

ကိုကြည်ယုအနေနဲ့ မြန်မာပြည်အညာဒေသ ရေနံချောင်းကနေ အခုလို ဘဝအထိပြောင်းလဲလာတဲ့အခါ မြန်မာပြည်ကို လွမ်းတဲ့စိတ် ။ သားသမီးတွေကို မြန်မာဆန်စေချင်တဲ့စိတ်တွေရှိပါလား။

ဟာ ရှိတာပေါ့။ကျွန်တော်ကိုယ်တိုင်လည်း မြန်မာစရိုက် မြန်မာအစားအစာ မြန်မာဓလေ့တွေအတော်များများကို နှစ်နှစ်ခြိုက်ခြိုက်အမြတ်တနိုးအမှတ်ရနေ ကျင့်သုံးနေသလို သားသမီးတွေကိုလည်းအမြဲပြောပြပါတယ်။ ဒါပေမဲ့ ဒီမှာ မွေးဒီမှာကြီးပြင်း လာတဲ့ သူတို့အနေနဲ့ မြန်မာဓလေ့ထုံးစံ နည်းပါးလာတာအတွက် အပြစ်ပြောလို့ ဇွတ်လုပ်လို့လည်း မရတော့ပါဘူး။ ဒါဟာ တိုက်ဆိုင်မှုတွေပါပဲ။

ဒီလို မြန်မာပညာတတ်တွေ တခြားနိုင်ငံသားတွေ ဖြစ်မကုန်အောင် သက်ဆိုင်ရာအနေနဲ့ ဘယ်လိုနည်းနဲ့ တားဆီးကာကွယ်နိုင်မယ်ထင်လဲ။

ဘယ်သူမှ အမေကျော် ဒွေးတော်မလွမ်းချင်ပါဘူး။ မိဘကသာ ကောင်းနေရင်။ ကောင်းစရာတောင်မလိုဘူး။ မဆိုးဘူးဆိုရင် သူများ နိုင်ငံသားခံယူဖို့အသာထားလို့ အလုပ်တောင် ထွက်လုပ်စရာ မလိုဘူးထင်တယ်။ ဒီအဖြေကလုံလောက်ပြီထင်ပါတယ်။

အခြား ဘာများ မဂ္ဂဇင်းကတဆင့် ပြောချင်ပါလဲ။

ဘာနိုင်ငံသားဖြစ်နေနေ မြန်မာလူမျိုး တယောက်ကနေ ဒီလိုအခြေအနေဖြစ်လာအောင် ကျွန်တော် ကြိုးစားနိုင်ခဲ့သလို တခြားလူငယ်တွေကိုကြိုးစား စေချင်တယ်။ သို့သော်လည်း မြန်မာလူမျိုး နံမည်ပျက်မဲ့ သိက္ခာကျမဲ့ လုပ်ရပ်မျိုးကို ဘယ်တော့မှ လုပ်မှာမဟုတ်သလို တခြား လူတွေလည်း ဘယ်လိုအခြေအနေရောက်ရောက် ကိုယ့် မွေးရာ ဇာတိမြေရဲ့ ဂုဏ်ကိုထိန်းသွားကြစေချင် ပါတယ်။ နိုင်ငံသားက နိုင်ငံသား၊ လူမျိုးမျိုးဟာလူမျိုး သပ်သပ်စီပါ။။

တခြားနိုင်ငံသား တဆင့်တက်ပြောင်းဖို့ရည်ရွယ်ချက်ရော။

နောက်ထပ်ဒွေးတော်တော့ မလွမ်းချင်တော့ပါဘူးဗျာ။



**ကိုဇော်မျိုးထိုက်**သည် အသက်(၂၉)နှစ်ရှိပြီး (၁၇)နှစ် သားအရွယ် (၁၀)တန်းအောင်ပြီးချိန် ဖခင်ရှိရာသို့လိုက် လာပြီး စင်ကာပူမှာကျောင်းတက် စင်ကာနိုင်ငံသူနှင့် ဖူးစာဆုံကာ လက်ရှိ အနုပညာ ရုပ်ရှင်ဂီတထုတ်လုပ်ရေး လုပ်ငန်း တခုတွင် အလုပ်လုပ်နေသူဖြစ်သည်။

ညီလေး ဘယ်လိုအကြောင်းများနဲ့ နိုင်ငံသားလျှောက်ဖြစ်ခဲ့တာလဲ ပြောပြပါလား။

အဖေနဲ့အတူနေရင်း Private school မှာ တစ်နှစ်ခွဲလောက် ကျောင်းတက်ပြီး အသက်က (၂၀)ရောက်တဲ့အချိန်မှာ အဖေက ပီအာဖြစ်သွားတော့ ပီအာရဲ့သားအနေနဲ့ ကျွန်တော် National Service စစ်မှုထမ်းခဲ့ရပါတယ်။NS ဝင်ကာနီးမှာ သူတို့မေးတယ်။ ဆင်းတဲ့အခါ citizen ယူမှာလား မယူဘူးလား မေးတော့ ကျွန်တော်က ယူမယ်လို့ တခါတည်း ဖြေခဲ့တော့ အလိုလို ဖြစ်သွားခဲ့တာပါပဲ။ NS ဆင်းတာနဲ့ ကဒ်ပြား တန်းထုတ်ပေးလိုက်တယ်။

ဘာဖြစ်လို့ စီတီဇင် ယူမယ်လို့ဆုံးဖြတ်တာလဲ။

နံပတ်တစ်ကတော့ အခွန်မပေးချင်လို့ပါပဲ။ အသက်(၂၁)နှစ်ပြည့်ရင် စပေးရတော့မယ်လေ။ဘာဖြစ်လို့မပေးချင်တာလဲမေးရင် နိုင်ငံတနိုင်ငံမှာ နိုင်ငံသားတွေအနေနဲ့ အခွန်ဆိုတာပေးလည်းပေးသင့်ပါတယ်။ ဒီလိုပေးကြမှလည်း နိုင်ငံအတွက် ပြည်သူအတွက်လိုတာတွေလုပ်မယ် ဆောက်မယ် စသဖြင့်လုပ်နိုင်မှာပေါ့။ ပေးလည်းပေး ချင်ပါတယ်။ ဒါပေမဲ့ အခွန်ယူတဲ့နှုန်း တလ (၁၅၀)ဒေါ်လာ ဆိုတာကြီးကတော့ ကမ္ဘာပေါ်မှာ ဘယ်မှာမှ မကြားဘူးတဲ့နှုန်း။အဆ (၂၀) လောက်ပိုများနေတာကြီးကို။ ဒါလည်း ပေးမယ်ဆို ပေးနိုင်ပါတယ်။ ဒါပေမယ့်တွေးကြည့်တယ်။ ကိုယ်ဒီလို ပေးလိုက်လို့ ကိုယ်ဘာအကျိုးအမြတ်ရှိမလဲ။ဒီမှာရှိတဲ့ မြန်မာတွေ။မြန်မာပြည်ကလူတွေ တိုင်းပြည်အတွက် ဘာ အကျိုးရှိသွားမလဲပေါ့။ ဘာမှလည်းမရှိဘူး။ ဘာစာရင်း ဇယားမှလည်းမရှိဘူး။ နိုင်ငံအတွက် တကယ်အကျိုးရှိလာတာ မြင်ရရင် လူတိုင်းလည်းပေးကြမှာပါ။ ခုဟာက ဘာလိုင်းကြီးပေး နေရတာမျိုး။

နောက် အချက်တွေကရော။

နောက်တခုကတော့ သွားရေးလာရေးပေါ့။ ပီအာဖြစ်သွားတယ်ဆိုရင်တောင် ပတ်စပို့က မြန်မာပတ်စပို့ပေါ့။ တခြားနိုင်ငံသွားမယ်ဆိုတာနဲ့ မလေးရှားပဲဖြစ်ဖြစ် ထိုင်းပဲဖြစ်ဖြစ် ဘာဗီဇာမှမလိုဘူး။ ကျွန်တော်တို့မှာ စင်ကာပူ ပီအာလည်း

ဖြစ်နေပြီ အာစီယံအဖွဲ့ဝင်လည်းဖြစ်နေပြီ။ ဒါလည်း ဗီဇာကို လျှောက်နေရတုန်းပဲ။ မေးခွန်းတွေကမေး။ ပိုက်ဆံဘယ်လောက်ရှိလဲ။ ဘာလို့သွားမှာလဲ။ သိပ်အောက်ကျတယ်။ ဒုက္ခတွေကများ။ စင်ကာပူ ပတ်စပို့နဲ့ဆိုတော့ ဒါတွေ ဘာမှမရှိတော့ဘူး။ သွားချင်တဲ့ နိုင်ငံသွား။

ဘာဖြစ်လို့ အဲသည်လိုတွေဖြစ်နေရတာလဲ။

ဒါတော့ ကျွန်တော်လည်း မသိဘူး။ မြန်မာပတ်စပို့အပေါ် နိုင်ငံတကာက အာစီယံကသတ်မှတ်ထားတဲ့ political issue တွေ ကြောင့် နေမှာပေါ့။

ဒီတော့ စီတီဇင်လျှောက်ခဲ့ရတဲ့အထဲမှာ စင်ကာပူရီယန် ဖူးစာဆုံမိလို့ဆိုတဲ့အချက်ရောပါလား။

မပါဘူး။ သူနဲ့က Singaporean ဖြစ်ပြီးမှတွေ့တာ။

နိုင်ငံသားဖြစ်တော့ ကတိသစ္စာဆိုရတာမျိုးရှိလား။

ရှိပါတယ်။ တစ်နှစ်မှာ နိုင်ငံသားပေးလိုက်တဲ့ လူဦးရေ နှစ်ရာဆို နှစ်ရာပေါ့။ အတူတူ။ သူတို့က Community center တွေမှာ သူတို့ နယ်မြေက ဝန်ကြီးတွေအမတ်တွေက Celebration လုပ်ပေးတယ်။ ညာ ဘက်လက်ကို ဘယ်ဘက် ရင်ဘတ်ပေါ်တင်ပြီးတော့ ကျမ်း သစ္စာဆိုရတာပေါ့။ တခြား နိုင်ငံနဲ့စစ်ဖြစ်ရင် ကိုယ့်နိုင်ငံလို သဘောထားပါမယ်တို့ ဘာတို့ပေါ့။ နိုင်ငံတော် သီချင်းတွေ ဘာတွေဆိုရတယ်။

စစ်မှုမထမ်းလိုက်ရတဲ့ အသက်ကြီးမှ စင်ကာပူရီယန် ဖြစ်သွားတဲ့ မြန်မာယောကျ်ားလေးတွေအများကြီးပဲနော်။ ဒါ့အတွက် မြန်မာနိုင်ငံအနေနဲ့ ဘယ်လို နစ်နာ ဆုံးရှုံးမှုတွေရှိတယ်ထင်လဲ။

ရေရေလည်လည် နစ်နာတာပေါ့။ နိုင်ငံခြားကိုထွက်လာ တယ်ဆိုကတည်းက လူတော်တွေများတယ်။ အစွမ်းအစ ရှိတဲ့သူတွေ။ သဘောကတော့ ဒီလို အစွမ်းအစရှိတဲ့ ကိုယ့်နိုင်ငံသားတွေ ပညာရှင်တွေ သူများလက်ထဲ ရောက် ကုန်သလိုပေါ့နော်။

မြန်မာပြည်ကိုပြန်လည်တဲ့ အခါ ပြောင်းလဲကြုံတွေ့ ရတာ လေးတွေပြောပြပါလား။

အရင်ဆုံး သံရုံးမှာ ဗီဇာသွားယူတဲ့အခါရိုးရိုး Singaporean မြန်မာနိုင်ငံသွားရင် ဗီဇာကြေးက (၃၅)ဒေါ်လာ။ မြန်မာ ကနေ စင်ကာပူရီယန်ဖြစ်သွားတဲ့ သူဆိုရင် (၆၅)ဒေါ်လာ။ ဘာကြောင့်ပိုယူမှန်းကိုမသိဘူး။ ရန်ကုန်လေဆိပ် ရောက် တော့ အလာပသလာပပြောတယ်။ ဟိုမှာ နေတာကြာ ပြီလားတို့။ လာလည်တာလားတို့။ အကိုတို့အတွက် ဘာပါလဲတို့။ နည်းနည်းပါးပါးပါပဲ။ စစ်တာဆေးတာ ရစ်တာ မျိုးတွေတော့ နည်းသွားတယ်။

ရန်ကုန်မှာ ဗီဇာဘယ်လောက်ပေးလဲ။

တလပေးတယ်။ ပြီးတော့ တိုးချင်ရင် (၃၈)လမ်းက လဝက ရုံးမှာသွားတိုးရတယ်။

ပီအာနဲ့ စီတီဇင် ခံစားခွင့်တွေ သိသိသာသာဘာကွာလဲ။

ဆေးရုံတက်ရင် medical expense တွေကို ပီအာဆိုအစိုးရက တဝက်ခံတယ်။ ခုတော့မရတော့ဘူး။ နောက်ပြီး စီတီဇင်ဆို အိမ်ဝယ်တဲ့အခါ အိမ်အသစ်။ မြေပါတဲ့ အိမ်ဝယ်နိုင်တယ်။ ပီအာက မရဘူး။ Resale flat တွေ ။ အထပ်မြင့် ကွန်ဒို လောက်ပဲ ဝယ်လို့ရတယ်။ စီတီဇင်ဆိုရင် မိဘအိမ်နားမှာ (မီတာ ၅၀၀အတွင်း) ဝယ်လို့ရှိရင် အစိုးရက ဒေါ်လာ (၄)သောင်းထုတ်ပေးတယ်။ မိဘကိုနီးနီးနားနားနေစေချင် ပြုစုစေချင်တဲ့သဘော။

စီတီဇင်ဖြစ်လာပြီဆိုတော့ ဒီနိုင်ငံအကြောင်းတွေကို ပိုပြီး စိတ်ဝင်တစားရော ရှိလာရဲ့လား။

ရှိပါတယ်။ စိတ်ဝင်စားရတော့တာပေါ့။ သူတို့ဘက်ကလည်း စာတွေပို့တယ်။ ဘာဖြစ်နေပြီ။ ဘယ်လိုအခြေအနေတွေ ရှိပါတယ်ပေါ့။

အစိုးရအနေနဲ့ ပြည်သူကို transparency ရှိတယ်လို့ ရောထင်လား။

ရာနှုန်းပြည့်မရှိတောင် (၉၅)%လောက်တော့ရှိပါတယ်။

ပတ်ဝန်းကျင်က ဆက်ဆံရေးအပြောင်းအလဲတွေကရော။

သိသာပါတယ်။ ကျွန်တော့်ကိုမေးလိုက်တဲ့အခါ ကျွန်တော်က သူတို့လို NS (၂)နှစ်ခွဲ တက်ခဲ့တယ်ဆိုတော့ သူတို့ ကျေနပ်တယ်။ အသက်ကြီးမှဖြစ်လာတဲ့သူကျတော့ သူတို့ သိပ်မကျေနပ်ဘူး။

မြန်မာလူမျိုးဆိုတာ ညီလေး ရင်ထဲမှာ ရှိနေသေးရဲ့လား။

ရှိတာပေါ့။ ကျွန်တော်ဟာ မြန်မာလူမျိုးစစ်ကြီး မြန်မာ ပြည်မှာမွေး မြန်မာရေသောက်ခဲ့တာပဲ။ မြန်မာအနုပညာ တွေဆိုလည်းကြိုက်နေတာပဲ။

စာအုပ်ကတဆင့် ဘာတွေပြောချင်သေးလဲ။

အဓိကကတော့ ကျွန်တော်တို့နိုင်ငံကြီး တိုးတက်စေ ချင်တာပါပဲ။ သက်ဆိုင်ရာက ကိုယ့်ပြည်သူကို သက်သက် ညာညာနဲ့ အားလုံးတိုးတက်အောင်လုပ်စေချင်တာပါပဲ။ ဒီလိုသာ ဆိုရင် ကျွန်တော်တို့နိုင်ငံခြားထွက်လာစရာတောင် မလိုပါဘူး။

ရင်ထဲမှာရှိတာ မြင်တာကို ပွင့်ပွင့်လင်းလင်း ဖြေကြား ပေးခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်ညီလေး။

အင်တာဗျူးတွင် မထည့်ဖြစ်ပဲ အလွတ်သဘောမေးခဲ့သော မြန်မာလူငယ်အချို့ (အသက် ၂၅-၃၀)ကတော့ စင်ကာပူ နိုင်ငံသားခံယူမိလျှင် Dual citizen ခွင့်မပြုသည့်အတွက် သည့်ထက်တဆင့်တက်ကာ ဩစတေးလျ၊ အင်္ဂလန်၊ အမေရိက၊ ကနေဒါစသော နိုင်ငံသားများခံယူရန် ကြံစည် ရာတွင် ခက်ခဲမည်စိုး၍ ပီအာအနေအထားဖြင့်သာ နေလို ကြောင်းပြောကြသည်လည်းရှိပါသည်။မြန်မာ့လူဦးရေ သန်း (၅၀)ကျော်ထဲက လက်တဆုပ်စာမျှရှိသော မြန်မာ ပညာတတ် လူငယ်များ ယုတ်လျော့သွားယုံမျှနှင့် တိုင်းပြည် ကြီး ဘာမှ မနစ်နာပါဟုဆိုလျှင်မှန်ပါမည်လား . . . ဟုသာ တွေးနေမိပါတော့သည်။(အင်တာဗျူးတာဝန်ခံအယ်ဒီတာ)